ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ပါဒကြီးစံပြကျေးရွာ၊ပါဒကြီးစံပြကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ ကျောက်တန်းမြို့နယ် မြေပုံ-----------------------------------------------------------------------------------------------------၂

၂။ ရွှေပျောက်ကျေးရွာအုပ်စုမြေပုံ ---------------------------------------------------------------------------------------------------၃

၃။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ------------------------------------------------၄

၄။ ကျေးရွာအခြေခံအချက်အလက်များ -------------------------------------------------------------------------------------------၅

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PRA/ PSA ) အကျဉ်းချုပ် -----------------------၆

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်အတွက် အသုံးပြုခဲ့သော PRA tool များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ---------၇ မှ ၁၄

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ ------------------------------------------၁၅

၈။ ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ -၁၆ မှ ၁၇

၉။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ --------- ၁၈ မှ ၂၀

၁၀။ကျေးရွာကော်မတီစာရင်း -----------------------------------------------------------------------------------------၂၁

၁၁။ ပုံစံ - စ -၁၊ ကျေးရွာအချက်အလက်များ ----------------------------------------------------------------၂၂ မှ ၂၄


၁၂။ ပုံစံ - ၃၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ------------------------------------------------------------၂၅ မှ ၂၇

၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် --------------------------------------၂၈ မှ ၂၉

၁၄။ အစည်းအဝေးမှတ်တမ်းများ ------------------------------------------------------------------------------၃၀ မှ ၃၅


၁၅။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေးထိန်းချုပ်မှု ( Checklist ) ---------------------------------------၃၆

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ပါဒကြီးစံပြကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ ပါဒကြီးစံပြကျေးရွာ

၂။ ဆေးဘိုဝကျေးရွာ

၃။ ဇင်းပြွန်းကုန်းကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ပါဒကြီးစံပြကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၂)မိုင်ခန့်သာ ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ ပါဒကြီးစံပြကျေးရွာကို နှစ်ပေါင်း-၂၆၀၀ကျော်က မွန်ဘုရင် ပါဒမင်းဆက် ၃ဆက်-၄ဆက်လောက်က ပါဒနိုင်ငံတော်ကို ထူထောင်၍ ထီးနန်းစိုးစံပြီး နေထိုင်သွားခဲ့သော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖြစ်ပါသည်။ အထက်မှာ ပုဂံ၊ အောက်မှာ ပါဒ ဟုဆိုရိုးစကားရှိပါသည်။ ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရားကို ပါဒဘုရင်များ နန်းစံခဲ့စဉ်က တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ ပါဒကြီးစံပြကျေးရွာတွင် ရှေးဟောင်းသမိုင်းဝင် စေတီတစ်ဆူရှိပါသည်။ ၄င်းစေတီသည် ကျောက်တန်းမြို့၏ ရှေးဟောင်းသမိုင်းဝင် ဘုရား(၃)ဆူတွင် (၁)ဆူအပါအဝင်ဖြစ်သည်။ ပါဒကြီးစံပြကျေးရွာသည် ရှေးယခင်အခါက ပျူလူမျိုးများ နေထိုင်ရာဒေသတစ်ခုလည်း ဖြစ်ခဲ့သည်။ ရှေးအခါက ပါဒနိုင်ငံတော်ကို ဝွမ်းမြို့ ဟုလည်း ခေါ်သည်။ ယခုအချိန်တွင် အိမ်ထောင်စု(၅၆၇)ရှိလာပြီးဖြစ်ပြီး လူဦးရေ(၂၄၆၈)ရှိသည်။ ဗမာလူမျိုးအများဆုံးနေထိုင်ပြီး ဟိန္ဒူလူမျိုးအနည်းငယ်နေထိုင်ပါသည်။ ကျောက်တန်းမြို့နယ်၏ ဘိုးဘွားရိပ်သာသည် ပါဒကြီးစံပြကျေးရွာတွင်ရှိသည်။ အဓိကစီးပွားရေးမှာလယ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးမှာ စပါးနှင့် ပဲကို အဓိကထားစိုက်ပျိုးကြပါသည်။ ပါဒကြီးစံပြကျေးရွာတွင် မူကြိုကျောင်းတစ်ကျောင်း၊ ကျမ်းမာရေးဌာနခွဲ၊ စေတီ၊ ဘုန်းကြီးကျောင်း၊ ဟိန္ဒူဘုရားကျောင်းတို့ရှိပါသည်။ ရွာတစ်ခုလုံး၏ သောက်ရေသုံးရေအတွက် ရေကန်(၇)ကန်ရှိပါသည်။ ကျေးရွာတွင် မီးရရှိပြီးဖြစ်ပြီး လက်လုပ်လက်စား အနည်းငယ်သာရှိပါသည်။

၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ<br>မွတ် | ၅၀<br>၃ | ၁၃၀<br>၄ | ၇၀<br>၆ | ၂၀၀<br>၁၀ |

၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၂၀ | ၄၉ | ၇၁ | ၁၂၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၁၆ | ၅ | ၁၁ | ၁၆ |

၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | အရောင်းအဝယ် | |
| | ဘဲ | | |
| | ဆိတ် | | |
| | | | |

၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၄၀၅ | - | - | - | ၁/၇ | ၈ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၁၂ | ၁၀ | ၂ | ၄ | - | ၃၅ |

၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၃ | ၂၁၅ | ၂၁၅ | ၁၀ | ၂၈၆ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၀၀ | ၁၅၅ | ၉၀ | ၇၀၀ | ထွန်စက်သေး-၃<br>ထွန်စက်ကြီး-၄၈ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံ | ၃-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀၈ | ၂၆၃ | ၃၇၁ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၃-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀၈ | ၂၆၃ | ၃၇၁ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ် ချက် | ၃-၁-၂၀၁၇ | ချမ်းသာ၊ အလယ်အ လတ်၊နွမ်းပါး အုပ်စုများ | ၁၀၈ | ၂၆၃ | ၃၇၁ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများ နှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သတ်မှတ် ချက် | ၃-၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၀၈ | ၂၆၃ | ၃၇၁ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၃-၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၀၈ | ၂၆၃ | ၃၇၁ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၃-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀၈ | ၂၆၃ | ၃၇၁ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

### ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ
### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။



**သုံးသပ်ချက်**

ပါဒကြီးစံပြကျေးရွာသည် ရန်ကုန်တိုင်း၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၂)မိုင်ကွာဝေးပြီး ကျောက်တန်းမြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ ယဉ်ကျေးမှုနယ်မြေအဖြစ်သတ်မှတ်ထားသော စံပြကျေးရွာဖြစ်သည်။ ပါဒကြီးကျေးရွာတွင် အိမ်ထောင်စု(၅၆၇)စုနှင့် လူဦးရေ (၂၄၆၈)ရှိသည်။ ဗမာလူမျိုးအများဆုံးနေထိုင်ပြီး ဟိန္ဒူလူမျိုးအနည်းငယ်နှင့် မွတ်လူမျိုးအနည်းငယ်နေထိုင်ပါသည်။ ကျေးရွာတွင် စာသင်ကျောင်းတစ်ကျောင်း၊ ဆေးပေးခန်းတစ်ခန်း၊ အုပ်ချုပ်ရေးမှူးရုံးတစ်ရုံး၊ စာကြည့်တိုက်တစ်ခု၊ မူကြိုကျောင်း တစ်ကျောင်းတို့ရှိပါသည်။ သောက်ရေ၊ သုံးရေအတွက် ရေကန်(၇)ကန်ရှိပါသည်။ ကျေးရွာတွင်းတွင် တံတားတစ်စင်းရှိသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးရေးမှာ စပါးနှင့် ပဲတီစိမ်းတို့ဖြစ်ပါသည်။ ကျေးရွာတွင် မီးရရှိပြီးဖြစ်သည်။ ရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများ ဖြစ်သည်။ ကျေးရွာတွင် ပြေလည်သူများ များပြားသည်။

၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။


| စဉ် | အဆင့် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ချမ်းသာ | လယ်ဧက (၆၀)နှင့်အထက်ပိုင်ဆိုင်သူ၊ လယ်ထွန်စက်၊ မော်တော်ကား၊ နွား၊ ထော်လဂျီ၊ ဆိုင်ကယ်၊ ဆန်စက်၊ ချွေ့လှေ့စက်၊ | ၃၀ | ၅.၃ |
| ၂ | အလယ်အလတ် | လယ်(၁၀)ဧကနှင့် (၆၀)ကြား၊ ဆိုင်ကယ်၊ ပျဉ်ထောင်သွပ်မိုးအိမ်၊ နွား၊ လှည်း၊ နွားပျံ | ၃၀၀ | ၅၂.၉ |
| ၃ | နွမ်းပါး | ဓနိမိုး ဝါးထရံကာအိမ်၊ ဆိုင်ကယ်၊ အပ်ချုပ်စက်၊ စက်ဘီး | ၂၃၇ | ၄၁.၈ |
| | စုစုပေါင်း | | ၅၆ | ၁၀၀ |

**သုံးသပ်ချက်**

ပါဒကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ လယ်ဧက(၆၀)အထက်၊ ထွန်စက်၊ ကား၊ နွား၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ဆန်စက်၊ ချွေလှေ့စက်၊ အပေါင်ဆိုင်တို့ ပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ(၃၀)စုနှင့် ရာခိုင်နှုန်းမှာ(၅%)ရှိပြီး၊ အလယ်အလတ်အဆင့်တွင် အဆင့်တွင် လယ်ဧက(၁၀)ထက်၊ ဆိုင်ကယ်၊ သွပ်မိုး၊ ပျဉ်ကာ၊ နွား၊ လှည်း၊ နွားပျံ တို့ပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ (၃၀၀)စုနှင့် ရာခိုင်နှုန်းမှာ(၅၂%)နှင့် နွမ်းပါးသောအဆင့်မှာ အိမ်၊ ဓနိမိုး၊ ထရံကာ၊ ဆိုင်ကယ်၊ အပ်ချုပ်စက်၊ စက်ဘီးတို့ ပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ(၂၃၈)စု ရာခိုင်နှုန်းမှာ(၄၃%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်းနွမ်းပါးသူများမှာ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊ ပုံမှန် ဝင်ငွေမရှိခြင်း၊ကလေးများများပြားခြင်းများကြောင့်ကျောင်းမထားနိုင်ခြင်းတို့ ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ရာသီဥတု** တပို့တွဲ၊ တပေါင်း၊ တန်းခူးလများသည် နွေရာသီ၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီးတင်းကျွတ်လများသည် မိုးရာသီဖြစ်ပြီး တန်းဆောင်မုန်း၊ နန်တော်၊ ပြာသိုလများသည် ဆောင်းရာသီဖြစ်ကြပါသည်။

**စိုက်ပျိုးခြင်း** နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပြီး တဆောင်မုန်းတွင် စပါးရိတ်သိမ်းကြပါသည်။ နတ်တော်လတွင် ပဲတီစိမ်းကို စတင်စိုက်ပျိုးပြီး တပိုတွဲ၊ တပေါင်းတွင် ပဲတီစိမ်းများကို သီးထပ်စိုက်ပျိုးကြပါသည်။

**မွေးမြူရေး** တစ်နှစ်ပတ်လုံး ကြက်၊ ဝက်၊ ဘဲတို့ကို မွေးမြူကြပါသည်။

**ကျန်းမာရေး** ကဆုန်၊ နယုန်၊ တဆောင်မုန်း၊ နတ်တော်တွင် ရာသီဥတုပြောင်း လဲမှုကြောင့်ဖြစ်သော နာစေးခြင်း၊ချောင်းဆိုးခြင်းတို့ဖြစ်လေ့ရှိပါသည်။

**ဝင်ငွေ** တန်ခူးလမှ သီတင်းကျွတ်လအထိ ပုံမှန်ဝင်ငွေရရှိပြီး တန်ဆောင်မုန်းနှင့် တပေါင်းတွင် သီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေများပါသည်။ နတ်တော်လမှ တပိုတွဲလအထိ ပုံမှန်တနေ့တာ ဝင်ငွေရရှိပါသည်။

**ပွဲတော်** တန်းခူလတွင် နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်နှင့် ဘုရားပွဲတော်တို့ကို ကျင်းပကြပါသည် သီတင်းကျွတ်တွင် မီးထွန်းပွဲတော်၊ တန်ဆောင်းမုန်းတွင် ကထိန်ပွဲတော်နှင့် တပို့တွဲတွင် တရားပွဲများကို စည်းကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။

**သောက်သုံးရေရရှိမှု** တန်ခူး၊ ကဆုန်နှင့် တပေါင်းတွင် သောက်သုံးရေနည်းပါးပြီး ကျန်လများတွင် သောက်သုံးရေ ဖူလုံပါသည်။

**အစာရေစာဖူလုံမှု** တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရရှိသဖြင့် တစ်နှစ်ပတ်လုံး အဟာရဓါတ်ပြည့်ဝစွာ စားသုံးနိုင်ကြပါသည်။

**သွားလာရေး** ဝါဆို၊ ဝါခေါင်တွင် သွားလာရေးခက်ခဲပြီး ကျန်လများတွင် လမ်းပန်းဆက်သွယ် ရေးကောင်းမွန်ပါသည်။

**၄။ ဗင်းပုံစံ သုံးသပ်ချက်။**




## သုံးသပ်ချက်

ကျေးရွာအတွင်းအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့၊ နာရေးကူညီမှုအသင်း၊ ရပ်မိရပ်ဖ၊ မိခင်နှင့်ကလေး၊ ကြက်ခြေနီ၊ ယုဝယုဝတီအမျိုးသမီးအသင်း၊ ဓမ္မအသင်း၊ မီးသတ်တပ်ဖွဲ့၊ ကလျာနယုဝအသင်းတို့ ကျေးရွာ၏ သာရေး၊ နာရေးလူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းပါ ဝင်လုပ် ကိုင်ကြပါသည်။ အသေးစာချေးငွေလုပ်ငန်းများဖြစ်သည့် ပတ်မြန်မာ၊ ဘီဂျီနှင့် အေစီလီတာအဖွဲ့တို့သည်လည်း ငွေစုငွေချေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့ နှင့်ချိတ်ဆက်ကာ လုပ်ဆောင်နေကြပါသည်။ မြစိမ်းရောင်သည် ကျေးရွာ၏ စီးပွားရေးတိုးတတ်လာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အရင်းမပျောက်လည်ပတ်ရန်ပံ့ငွေမှ ရင်းနီးငွေများကို ထောက်ပံ့ပေးထားပါသည်။ ကျေးရွာလူထုဗဟိုပြုအဖွဲ့သည် မြို့နယ်လူထုဗဟိုပြုအဖွဲ့နှင့် ချိတ်ဆက်ကာ ကျေးရွာ၏ အခြေခံအဆောက်ဦးများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ကျေးရွာလူထု၏ သဘောတူညီဆုံးဖြတ်ကို ရယူကာ ကျေးရွာလူထုဗဟိုပြုကော်မတီအဖွဲ့ဝင်များမှ ဦးဆောင် အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ရဲစခန်း၊ လဝက၊ စိုက်ဘဏ်၊ ပတ်မြန်မာ၊ မြစိမ်းရောင်တို့သည် ရွာအဖွဲ့အစည်းများနှင့်ကဏ္ဍအသီးသီးတွင်ချိတ်ဆက် ဆောင်ရွက်နေ သည်ကိုလဲ တွေ့ရှိရပါသည်။

## ၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အမျိုးသမီးသည် အမျိုးသားများထက် အိမ်မှုကိစ္စပိုမိုလုပ်ဆောင်ရသည်။ အိမ်မှုကိစ္စများကို အမျိုးသမီးများကသာ လုပ်ဆောင်ရမည်ဟူသော ရှေးရိုးစွဲအစဉ်အလာများကြောင့်အိမ်မှုကိစ္စများတွင် အချိန်ကုန်နေရ ခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်ချပိုင်ခွင့်** အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနေကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများကလည်းအမျိုးသားများနည်းတူဆုံး ဖြတ်နိုင်လာခြင်းကိုလည်းတွေ့ရသည်။ သို့သော်လည်းအမျိုးသားများက သာပိုမိုနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**အရင်းအမြစ်အသုံးပြုမှု** အမျိုးသားများသည် အမျိုးသမီးများထက် ပို၍သုံးစွဲနိုင်ခွင့် ရှိကြောင်းသိရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများကပြင်ပဝင်ငွေများကိုရှာနေရသောကြောင့်ဖြစ်သည်။

**လူမှုရေးကိစ္စများပါဝင်ခွင့်** အမျိုးသားများသည် လူမှုရေးလုပ်ငန်းများတွင်အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ကြပြီး အမျိုးသမီးများ၏ လုပ်ကိုင်ဆောင်ရွက်မှုမှာ အမျိုးသားများနှင့်ကွာခြားမှုအနည်းငယ်သာရှိကြောင်း တွေ့ရသည်။


**အလုပ်အကိုင်အခွင့်အလမ်း** အမျိုးသမီးများသည် အမျိုးသားများထက် အလုပ်အကိုင်အခွင့် အလမ်းပိုမိုရရှိသည်။ အဘယ့်ကြောင့်ဆိုသော် အမျိုးသမီးများသည် အထည်ချုပ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သောကြောင့် ဖြစ်ပါသည်။


**ဝင်ငွေရရှိမှု** အမျိုးသားများနှင့်အမျိုးသမီးများဝင်ငွေရရှိမှုမှာ တန်းတူညီမျှရရှိသောကြောင့် တူညီနေကြောင်းတွေ့ရသည်။

**ပညာရေး** အမျိုးသမီးများက အမျိုးသားများထက် ပညာသင်ကြားခွင့်ရှိကြောင်း တွေ့ရှိရသည်။

**လုံခြုံမှု** အမျိုးသားများနှင့် အမျိုးသမီးများသည် ဘဝလုံခြုံမှုတွင် အမျိုးသမီးများကအနည်းငယ်ကွာခြားနေကြောင်းတွေ့ရသည်။ အမျိုးသမီးများမှာ အားနည်းခြင်းမိမိကိုယ်ကိုယုံကြည်မှုအားနည်းခြင်းတို့ကြောင့်ဖြစ်ပါသည်။

**ဓါးပိုင်ဆိုင်မှု သုံးသပ်ခြင်း။**



**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သောဆိုင်ကယ်၊ ထော်လာဂျီ၊ ကား၊ ဘောလုံးကွင်း၊ ပိုက်ကျော်ခြင်း၊ လက်သမားပစ္စည်း၊ ပန်းရံပစ္စည်း၊ ငါးဖမ်းပိုက်၊ လယ်လုပ်ငန်းသုံးပစ္စည်း၊ ကျောင်း၊ တံတား၊ လမ်း၊ ဘုရား၊ စာကြည့်တိုက်၊ ဓမ္မာရုံ စသည်တို့ကိုအမျိုးသားများက ထိန်းချုပ်ထားပါသည်။စက်ချုပ်ခြင်း၊ အလှကုန်ပစ္စည်း၊ ဈေးရောင်း၊ တီဗွီ၊ အပေါ်စက်၊ အောက်စက်၊ ဆေးပေးခန်းတို့ကို အမျိုးသမီးများကထိန်းချုပ်ထားပါသည်။ စက်ဘီးနှင့် အကျီတို့ကို အမျိုးသား/အမျိုးသမီးတို့ကထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သောဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီ၊ ကား၊ ဘောလုံးကွင်း၊ ပိုက်ကျော်ခြင်းကွင်း၊ လက်သမားပစ္စည်း၊ ပန်းရပစ္စည်း၊ ငါးဖမ်းပိုက်တို့ကို အမျိုးသားများအသုံးပြုပြီးအပ်ချုပ်စက်၊ မိတ်ကပ်၊ အိကျီ၊ ဈေးရောင်း၊ လယ်စိုက်၊ ကျောင်းတို့ကို အမျိုးသမီးများကအသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ တီဗွီ၊ အပေါ်စက်၊ အောက်စက်၊ ရေခဲသတ္တာ၊ စက်ဘီး၊ ဆိုင်ကယ်၊ အဝတ်အထည်၊ ဖိနပ်၊ ထီး၊ ထမင်းချိုင့်၊ တံတား၊ လမ်း၊ ဘုရား၊ စာကြည့်တိုက်၊ ဆေးပေးခန်း၊ ဓမ္မာရုံစသည်တို့ကို အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ၍ အခက်အခဲများ ဖော်ထုတ်ခြင်း၊ မျှော်မှန်းချက်များဖော်ထုတ်ခြင်း နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းထွက်ပေါ်လာသည်ထိ လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၃.၁၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား/မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား/မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ | √ | | |

| | | | | |
|---|---|---|---|---|
| | ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် မိတ်ဆက်အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် မိတ်ဆက်အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး
မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ် ကျေးရွာကော်မတီအဖွဲ့ဝင်များ မှတ်တမ်းဓါတ်ပုံ



## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးအေးဟန် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ခင်ပြုံးမာ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးခင်မောင်ဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးလှမျိုး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်လှဌေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးဌေးလွင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်ရီရီစန်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးသန်းဦး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်အုန်းနွဲ့ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးဇေကိုလတ် | ကျား | ဝေဖန်အကြံပြုချက်ဖြေရှင်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်ဇာဇာနွယ် | မ | ဝေဖန်အကြံပြုချက်ဖြေရှင်းရေးဆပ်ကော်မတီ |
| ၁၂ | ဦးစည်သူအောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်နွယ်နီဝင်း | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်သူသူမွန် | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်　　ကျား(၇)ယောက်+မ(၇)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးအေးဟန်　　စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ
၂။ဒေါ်ခင်ပြုံးမာ　　အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ

**မှတ်တမ်းတင်သူ**

အမည်။ ဦးသိန်းသန်းဦး

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၃.၁၂.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

လူထုပဲ့ကိုင်ဖွံ့ဖြိုးရေးစီမံကိန်း ကျောက်တန်းမြို့

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦးထွန်း[illegible] | | 09788132074 | | ဒေါ်ရင်မာလှိုင် |
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ပါဒကြီး | | ကျေးရွာ ပါဒကြီး |

#### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) မွတ်စလင် | ၁ | ဘာသာ (၁) မွတ်စလင် | ၁ |
| လူမျိုးစု (၂) မြန်မာ | ၅၃၄ | ဘာသာ (၂) ဗုဒ္ဓဘာသာ | ၅၃၄ |
| လူမျိုးစု (၃) ဟိန္ဒူ | ၃၂ | ဘာသာ (၃) ဟိန္ဒူ | ၃၂ |
| လူမျိုးစုရေ ------------- | | ဘာသာရေ ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၆ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀၅ | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)- ဟိန္ဒူ | ၆၀ | ၆၀ |
| လူမျိုးစု (၂) မြန်မာ | ၁၀၈၃ | ၁၂၀၁ |
| လူမျိုးစု (၃)- မွတ်စလင် | ၂ | ၂ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၈၅ | ၈၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက်<br>မူလွန် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☑ | ☑ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် မူလွန် ကျောင်းဆရာမ | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း ✓ | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။ ၅ မိနစ်

ခြောက်သွေ့ရာသီတွင်ကြာချိန်---၅မိနစ်----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---၅မိနစ်------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -------၃၀၀---------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --မြစိမ်းရောင်----------- (၃) Ac liter

(၂) --ပတ်မြန်မာ------------ (၄) Hanar

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးထွန်းဝေ

လက်မှတ် နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မာလှိုင်

လက်မှတ် နေ့စွဲ ၁၀.၁၀.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဝင်းသန်းဦး | |
| နေ့စွဲ ၃.၁၂.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် ကျောက်ဖြူ ကျေးရွာအုပ်စု [illegible] ကျေးရွာ [illegible] |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | [illegible] မရှိခြင်း | ၁ | [illegible] မရှိခြင်း |
| ၂ | မိုးရာသီတွင်လမ်းသွားလာရာ ခက်ခဲခြင်း | ၂ | မိုးရာသီတွင်လမ်းသွားလာရာ ခက်ခဲခြင်း |
| ၃ | ဝင်ငွေနည်းပါးခြင်း | ၃ | ဝင်ငွေနည်းပါးခြင်း |
| ၄ | အလုပ်လုပ်ကိုင်ရန်အခွင့်အလမ်း နည်းပါးခြင်း | ၄ | အလုပ်လုပ်ကိုင်ရန်အခွင့်အလမ်း နည်းပါးခြင်း |
| ၅ | လမ်းမီးတိုင်များ မလုံလောက်ခြင်း | ၅ | [illegible] နည်းပါးခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ပုံမှန်ဝင်ငွေရရှိနိုင်သော အလုပ်ရရှိမည် | ၁ | ရွာလမ်းများ ကွန်ကရစ်လမ်းများ ဖြစ်လာမည် |
| ၂ | ရွာလမ်းများ ကွန်ကရစ်လမ်းများ ဖြစ်လာမည် | ၂ | ပုံမှန်ဝင်ငွေ ရရှိလာစေမည် |
| ၃ | မူကြိုကျောင်း [illegible] ရှိလာစေမည် | ၃ | တစ်နိုင်တစ်ပိုင် [illegible] လာစေမည် |
| ၄ | [illegible] မီးတိုင်များ ရရှိမည် | ၄ | အာဟာရ [illegible] များ ရရှိလာစေမည် |
| ၅ | လမ်းမီးများ ရရှိလာစေမည် | ၅ | သောက်သုံးရေ လုံလောက်စွာ ရရှိလာစေမည် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ကျား / မ | ၁၀၀,၀၀၀,၀၀၀ | ၅၆၇ |
| ၂ | တံတား ပြုပြင်ခြင်း | ကျား / မ | ၄၀,၀၀၀,၀၀၀ | ၅၆၇ |
| ၃ | လမ်းမီးတိုင်များ တပ်ဆင်ခြင်း | ကျား / မ | ၁၅,၀၀၀,၀၀၀ | ၅၆၇ |
| ၄ | မူကြိုကျောင်းဆောင် [illegible] | ကျား / မ | ၅,၀၀၀,၀၀၀ | ၅၆၇ |
| ၅ | ရေကန် တူးဖော်ခြင်း | ကျား / မ | ၂၀,၀၀၀,၀၀၀ | ၅၆၇ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | လျှပ်စစ်ဓာတ်အား [illegible] | ကျား+မ | |
| ၂ | မြေဩဇာ ပိုင်များ ရရှိလာစေရန် | ကျား/မ | |
| ၃ | ဝင်ငွေများ ပိုမိုရရှိလာစေရန် | ကျား/မ | |
| ၄. | [illegible] များ ရရှိလာစေရန် | ကျား/မ | |
| ၅. | [illegible] အတွက် ချေးငွေများ ရရှိရန် | ကျား/မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်--- ဦး[illegible]------ လက်မှတ်------------------------ နေ့စွဲ------ ၃.၁၂.၂၀၁၇------

| အမျိုးသားအဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီး | | အမျိုးသမီးအဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီး | |
|---|---|---|---|
| ၁ | ငွေကြေးအခက်အခဲ | ၁ | ကလေးများလိုအပ်သော ပံ့ပိုးပေးနိုင်မှုအခက်အခဲ |
| ၂ | အလုပ်အကိုင်အတွက် ငွေချေးအခက်အခဲ | ၂ | ငွေကြေးအခက်အခဲ |
| ၃ | လျှပ်စစ်မီးတိုင်မလုံလောက်ခြင်း | | |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက် | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက် | |
|---|---|---|---|
| ၁ | ဆေးပေးခန်းအတွက် ဆရာဝန်ရှိလာစေရန် | ၁ | သောက်ရေကောင်းအလုံအလောက်ရရှိလာစေရန် |
| ၂ | အိမ်မိုးယာမိုးပြေလည်လာစေရန် | | |
| ၃ | သောက်သုံးရေလုံလောက်စွာရရှိလာစေရန် | | |

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ | အဆိုပြုသူ ကျား / မ | ခန့်မှန်းကုန်ကျငွေ ကျပ် | အစိုးရ၊ အသင်းအဖွဲ့များထံ တင်ပြရန် အချိန်အတွက် |
|---|---|---|---|---|
| ၁ | စက်ရေတွင်းတူးဖော်ခြင်း | ကျား+မ | ၄,၅၀၀,၀၀၀ | ၅နှစ် |
| ၂ | လျှပ်စစ်မီးရရှိရေး | ကျား+မ | ၂၀၀၀,၀၀၀ | ၅နှစ် |

| အဆင့် | ကျေးရွာအတွက် အကျိုးပြုမည့် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ | အဆိုပြုသူ အမျိုးသား၊ အမျိုးသမီး / အမျိုးသား + အမျိုးသမီး | အကျိုးကျေးဇူး |
|---|---|---|---|
| ၁ | လယ်ယာသုံးစက်ကိရိယာများထောက်ပံ့ပေးရန် | ကျား၊မ | |
| ၂ | စိုက်ပျိုးရေးချေးငွေများပေးရန် | ကျား၊မ | |
| ၃ | အိမ်တွင်းလက်မှုလုပ်ငန်းများပေးရန် | ကျား၊မ | |
| ၄ | မွေးမြူရေးချေးငွေများပေးရန် | ကျား၊မ | |

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စီးပွားရေး | ၁ | ဝင်ငွေများ ရရှိလာစေရန် | ☑ မ ☑ ကျား | | |
| | ၂ | အလုပ်ခွင် အတွက် ချေးငွေများ ရရှိလာရန် | ☑ မ ☑ ကျား | | |
| | ၃ | လယ်ယာသုံး စက်ကိရိယာများ ထောက်ပံ့ပေးရန် | ☑ မ ☑ ကျား | | |
| | ၄ | စိုက်ပျိုးရေး နည်းပညာများ ပေးရန် | ☑ မ ☑ ကျား | | |
| | ၅ | [illegible] များ ပေးရန် | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ကျန်းမာရေးဝန်ထမ်း လိုအပ်ခြင်း | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | မြေယာပိုင်များ၏ ရှိလာစေရန် | ☑ မ ☑ ကျား | | |
| | ၂ | လယ်မြေပိုင်ဆိုင်များ ရရှိ လာစေရန် | ☑ မ ☑ ကျား | | |
| | ၃ | ငွေကြေးချေးယူနိုင်မှုအခွင့်အလမ်း များစေရန် | ☑ မ ☑ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ပြုလုပ်သည့်နေရာ | ။ | ပါဒကြီးကျေးရွာ ၊ ရွာလယ်ဓမ္မာရုံ |
| ပြုလုပ်သည့်နေ့ရက် | ။ | ၃ . ၁၂ . ၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ | 11:00 |
| ကျေးရွာအုပ်စုအမည် | ။ | ပါဒကြီးကျေးရွာအုပ်စု ၊ ပါဒကြီးကျေးရွာ |
| မြို့နယ်အမည် | ။ | ကျောက်တံခါးမြို့နယ် |

---

အစည်းအဝေးတက်ရောက်သူ ။ ။ ကျား (၁၀၈) ဦး၊ မ (၂၆၃) ဦး
စုစုပေါင်း (၃၇၁) ဦး

အကြောင်းအရာ ။ ။ ပါဒကြီးကျေးရွာအုပ်စု ၊ ပါဒကြီးကျေးရွာ ပထမအကြိမ်စီမံကိန်းဖိတ်ခေါ် အစည်းအဝေး ပြုလုပ်ခြင်း ။

ဆွေးနွေးချက် ။ ။ ပါဒကြီးကျေးရွာ ဒုတိယအဆင့် စတင်ရန် ပထမအကြိမ် စီမံကိန်း ဖိတ်ခေါ် အစည်းအဝေး တွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတွန်းဝေ မှ ယခုလို စီမံကိန်း ဖိတ်ခေါ် အစည်းအဝေး အား ကျေးရွာလူထု မှ အားတက်သရော တက်ရောက်ပေးသော ကြောင့် ကျေးဇူးတင် ကြောင်း ရှေ့ဆက် အစည်းအဝေးများတွင်လည်း ယခုကဲ့သို့ တက်ရောက် ပေးကြပါရန် ပြောကြားခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဦးသိန်းတွန်းဦး မှ ဖိတ်ခေါ်စကား ပြောကြားခဲ့ပြီး ဆက်လက်၍ လူထုဗဟိုပြုစီမံကိန်း ရည်ရွယ်ချက်များကို ကျေးရွာလူထုအား ရှင်းလင်း ပြောကြားခဲ့ပါသည်။ ထပ်မံ၍ စီမံကိန်းလက်စွဲ ဖတ်ပြသည်။ ရှင်းပြ ခဲ့ပါသည်။ ယခု စီမံကိန်း ဒုတိယအဆင့် ကာလ၌ စတင်မည်ဖြစ်ပြီး ရှေ့ဆက် အစည်းအဝေးများ ထပ်မံကျင်းပ သွားမည် ဖြစ်သော စီမံကိန်းအဆင့်များတွင်

ယခုနှစ်များကဲ့သို့ ပူးပေါင်းပါဝင်ကြောင့်ဖြစ်၍ စိမ်းလန်းဖြစ်၍ ပတ်သက်
သော အကြောင်းအရာ ပတ်သက်၍ ဝေမျှခြင်း၊ အကြံပြုခြင်း၊ ကျေး
ရွာတစ်ခုဖြစ်၍ မျှော်မှန်းချက်များလည်း ရှိပါက တင်ပြကြ၊ တများကို
ရှေးသား၍ ကာကွယ်ရေးပုံ များ ထဲသို့ ထည့်သွင်းခြင်း ဖြစ်၊ ဒီးဖေးပင်၊
မြေဆွေကို များနှင့်လည်း တစ်ပြိုင်တည်း ကြောင်း လိုလည်း ပြောကြ၊ ခဲ့ပါသည်။
စိမ်းလန်း ညှိနှိုင်းချက် ကိုပါဝင်လာလျှင် ဖန်တီးပေးသော ရေရှည်ကိုဖယ်ရှား
၍ ကျေးရွာ၏ အမှန်တကယ်လိုအပ်သော အခြေခံအဆောက်အအုံ များ
ဖြစ်သည့် လမ်း၊ တံတား၊ အဆောက်အအုံ များ ပြုပြင်ခြင်းဖြင့် အသစ်
ဆောက်လုပ်ပေးသော စိမ်းလန်း မြန်မာ့ကောင်း ရှိကြောင်း ပြောခဲ့ပါသည်။ စိမ်းလန်း မိတ်
ဆက် (၁၅) ချက်ကိုလည်း ရှင်းပြခဲ့ပါသည်-

ထို့နောက် PRA Tools များရေးဆွဲခြင်း၊ ကော်မတီဝင်
များရွေးချယ်ခြင်းဖြစ်၍ စိမ်းလန်းလုပ်ငန်းစု များ ရွေးချယ် ခြင်း အတွက်လည်း
ညှိပေး၍ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ် မှု ဖြစ် ကြောင်း။ ထို့ အတွက်
ကြောင့် ယခုနှစ် ပထမနှစ် စိမ်းလန်းတွင် ရွေးချယ်ခံထားရသော ကျေးရွာ
စေတနာ့ဝန်ထမ်း များ (၁) ဦး နှင့် မ (၁) ဦး အား တစ်ဦးချင်းအလိုက်
မိမိတို့မှ ယခုနှစ်ယာနှစ်လက်တက် တွင် ဆက်လက်ပါ တာဝန်ထမ်းဆောင်
လိုပါသလား ဟုမေးမြန်းသောအခါ "ဆက်လက်လုပ်ဆောင်လိုပါသည်"
ကျေးရွာလူထုမှလည်း ထိုသူတို့အား ယုံကြည်စိတ်ချပါသလားဟု (၃)
ကြိမ် (၃) ခါ မေးမြန်းပြီး အတည်ပြုခဲ့ပါသည်။

ဖိုးစေတ် ဒုတိယအကြိမ် စက်ဝိုင်း အတွက် လူမှုဆိုင်ရာ စံပြမြို့များ ဖြစ်သည့် လူမှုရေးအာရုံ ဖြစ်ပြ ဖြေရှင်း၊ ဘာသာစကားမဖြစ်ပွားဒိုင်၊ ပရိုဂျ အိမ်ဖော်ခွံ့သင်ချက်၊ ငဝိုးပြုမှု၊ ပိုင်ဆိုင်မှုသုံးသပ်ခြင်း ဖို့ ပညာရေး ကြေညာချက် အဆင့်သတ်မှတ်ချက်များကို အမျိုးသား၊ အမျိုးသမီးများ အစုအဖွဲ့ ဆိုင်ရာဖြင့် ဆွေးနွေး ခဲ့ကြပါသည်။ ထိုဆွေးနွေးချက်များကို လည်းအကျဉ်း ချုပ် ဆွေးနွေးပြီး သဘောတူညီ ဆုံးဖြတ် ခဲ့ကြပါသည်။

မှတ်တမ်းတင်သူ

(signature)

ဦးသိန်းဝင်းဦး
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း
ကျောက်တန်းမြို့

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ပါဒကြီးကျေးရွာ၊ ရွာလယ်ဓမ္မာရုံ

ပြုလုပ်သည့်နေ့ရက် ။ ၃.၁၂.၂၀၁၇

ပြုလုပ်သည့်အချိန် ။ ၀၇:၀၀

ကျေးရွာအုပ်စုအမည် ။ ပါဒကြီးကျေးရွာ

မြို့နယ်အမည် ။ ကျောက်တန်းမြို့နယ်

---

အစည်းအဝေးတက်ရောက်သူ ။ ကျား (၁၀၈) ဦး၊ မ (၂၆၃) ဦး
စုစုပေါင်း (၃၇၁) ဦး

အကြောင်းအရာ ။ ပါဒကြီးကျေးရွာ၊ ပါဒကြီးကျေးရွာအုပ်စု ဒုတိယအကြိမ် အစည်းအဝေးပြုလုပ်ခြင်း။

ဆွေးနွေးချက် ။ ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးတွင် ပါဒကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းဝေမှ စီမံကိန်းလုပ်ငန်းခွဲများအား မဲပေးရွေးချယ်ရာတွင် မိမိတို့ကျေးရွာ အတွက် အဓိကလိုအပ်သော လုပ်ငန်းခွဲများအား မဲပေးရွေးချယ်ပေးရန် ပြောကြားခဲ့ပါသည်။ ထို့နောက် လက်ထောက်နည်းပညာမှူး ဒေါ်ခင်သက်အေးမှ စီမံကိန်းလုပ်ငန်းခွဲများရွေး ချယ်ခြင်းဖြစ်စဉ် ပတ်သက်သည်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်ရာတွင် ယမန်နှစ် (ပထမနှစ်ကာလ) တွင် ရွေးချယ်ထားသော (မဲပေး) လုပ်ငန်းခွဲများ ဖြစ်သည် ၎

၁။ ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း

၂။ တံတားပြုပြင်ခြင်း

၃။ လမ်းမီးတိုင်များ တိုးချဲ့ပြုပြင်ခြင်း

၄။ နှုတ်ကြော် ပျော်ပါး ဖြန့်ဝေခြင်း ဦးပြု ပေးခြင်း

၅။ ရေလောက် ကူး ဖော်ခြင်း

၆။ ဆင်ရေတွင်း ကူးဖော်ခြင်း

၇။ ဝါဆိုသင်္ကန်း ပြုလုပ်ခြင်း။ အထူးသဖြင့် ဒီလက်ကိုပေါက်လက်ကွဲများ

ဆိုရွေးချယ်ထားခဲ့ကြသည်- ယခုနှစ် (ဒုတိယနှစ်ကာလ) တွင် မည်သည့်

ပေါက်လက်ကွဲများကို ဆက်လက်ထိန်းသိမ်းနိုင်မည်နည်းဟု မေးမြန်းခဲ့ရာ ကျေးရွာလူထုမှ

ယခုနှစ်ကြိမ်ရွေးချယ်ထားခဲ့သော ရွာတွင်းလမ်းကြောင်းခင်းခြင်း ပေါက်လက်ကွဲမှာ

မပြီးဆုံးသေးသောကြောင့် ထိုပေါက်လက်ကွဲကိုသာ ဆက်လက်လုပ်ကိုင်လိုကြောင်း

ပြောကြားပါသည်။ ထို့ပြင် ပြောကြားချက်ကို ကျေးရွာလူထုအားလုံးမှ

'သာဓုခေါ်ကြပါရဲ့လား' ဟု သုံးကြိမ်သုံးခါ မေးမြန်းပြီး ကျေးရွာလူထု

အားလုံးမှ သာဓုခေါ်ကြပါသည်။ မည်သည့်ကန့်ကွက်ချက်မှ မရှိကြောင်း

လည်း ပြောကြားပါသည်။ ရွာတွင်းလမ်းကြောင်းခင်းခြင်း ပေါက်လက်ကွဲတွင်

(ပထမနှစ်ကာလက) တွင် မပြီးဆုံးသေးသော (၆ လမ်း) ဖြင့် ရွေးချယ်ပြီးဖြစ်ခဲ့

သော ပေါက်လက်ကွဲများ ဖြစ်ပါသည်။ ၁။ တောင်ဘက်လမ်းသွယ် (၃) ၂။ ဦးမြသန်းလမ်း

၃။ ကုန်းဘေလမ်း တို့ကို ဆက်လက်ပြုလုပ်သွားပြီး ကျန်လမ်းများ ရှိပါက ပြော

ကြားနိုင်ကြောင်း ရှင်းပြခဲ့ပါသည်။ ထို့နောက် ပြီးခဲ့သော လမ်းများအား

မဲနှိုက်ဖြင့် ရွေးချယ်ခဲ့ရာတွင် ၄။ သီဟတောင်ရွာလမ်း (ဦးမြင့်ဆွေလမ်း)

၅။ ကွင်းမြောင်လမ်း ၆။ အရှေ့ဘက်ပိုင်းလမ်း (အလယ်) ၇။ ကုန်းတောင်

လမ်း ၈။ သီဟာရာမလမ်းသွယ် (ဦးထွန်းခင်မြပလဲလမ်း) ၉။ ရှေ့တောင်

လမ်း ၁၀။ သီဟာရာမလမ်း (အလယ်) ၁၁။ မြေယာ ကျော်ထင်လမ်း (အလယ်-

အရှေ့ဘက်) ၁၂။ ရွှေပြည်သာလမ်း (အလယ်) ဟူ၍ ၆ သွယ်များ အသီးသီး

အစဉ်လိုက် အမှတ်စဉ် ဖြစ်ခဲ့ပါသည်။

ထို့နောက် ဝိုင်ကြီးကျေးရွာတွင် လူထုမဟာမိတ်ပြု စီမံကိန်း အတော်

ကြာကြာ ကော်မတီများကို (ပထမနှစ်အတွက်) တွင် ရွေးချယ်ပြီး ဖြစ်ခဲ့ပါ

သည်။ ထိုကော်မတီဝင်များ သည်လည်း သင်တန်းများ တက်ရောက်ခြင်း

နှင့် ဦးမှူး ကျေးရွာလူထုမှ မရေမချင်းပို့ပေးပါသည်။ကောင်း၊ မိမိအနေဖြင့်

ကျေးရွာလူထုမိသားစုဝင်စိတ်မှုန်းကျင်တော်ပေးသည်။ကောင်း ရွာသူရွာသားကြီး၊ဖြစ်တာနိုင်

ရွာနေကြောင်းကို လူထုစည်းရုံးရေးမှူး ဦးသိန်းသက်ဦးမှ ကော်မတီဝင်

များ နှင့်ကျေးရွာလူထုကိုကူညီပေးခဲ့ပါသည်။ ကော်မတီဝင်များ၏ ဆောင်ရွက်ချက်

ပြည့်စုံတာဝန်ကြားများကိုလည်း ထမ်းဆောင်ပေးခဲ့ပါသည်။ ထို့နောက်ကော်

မတီဝင်တစ်ဦးချင်းအလိုက်တာဝန်ထမ်းဆောင်ရမည့်အပိုင်း ကျေးရွာလူထု

မှသဘောတူညီကြပါသည်။ သို့မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ပေါ်လာ

တည်ဖြစ်ခဲ့ပါသည်။ ကျေးရွာလူထုမှ လည်း သဘောတူညီ၍ ဖြောင့်ချက်

ချပြီး အစည်းဝေးကို နိဂုံးချုပ်ကာ အဆုံးသတ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးသိန်းသက်ဦး၊

လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ၃.၁၂.၂၀၁၇ ကျေးရွာ - ပါဒကြီး VDP ရက်စွဲ -၃.၁၂.၂၀၁၇
မြို့နယ် -ကျောက်တန်း ကျေးရွာအုပ်စု - ပါဒကြီး

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊